## တပတ်အတွင်း သာရေးသတင်းများ

(၇.၅.၂၀၂၁)

■ ဟုမ္မလင်းမြို့နယ်၌ ရှမ်းနီတပ်မတော်နှင့်တိုက်ပွဲဖြစ်ပြီး အကြမ်းဖက်စစ်ကောင်စီတပ်သား ၁ ဦးထပ်မံသေဆုံး။
■ ကချင်မှာလေယာဉ်နဲ့ အချင်းချင်းပစ်ခတ်မိလို့ စကစစစ်သား ၃၀ ကျော်သေ၊ ၈၀ ကျော်ဒဏ်ရာရ။
■ ထိုင်း–မြန်မာနယ်စပ်က အူးသူးထ့စခန်းကို KNU နဲ့ ရခိုင်ပြည်တပ်မတော် ANC/AA ပူးပေါင်းသိမ်းပိုက်

(၈.၅.၂၀၂၁)

■ ချင်းပြည်နယ်၊ Surkhua မြို့ရှိ အကြမ်းဖက်စစ်အာဏာရှင်ရဲ့တပ်စခန်းကို CDF သိမ်းပိုက်။
■ ဝိုင်းမော်တွင် လောင်စာဆီတင်ကား ပစ်ခတ်ခံရ။

(၉.၅.၂၀၂၁)

■ ရေတာရှည်က စကစခန့် ရပ်ကျေးဥက္ကဌ ဦးခေါင်းသေနတ်ပစ်ခတ်ရပြီးသေ။

(၁၀.၅.၂၀၂၁)

■ BGF နှင့် KNU/KNLA တပ်မဟာ ၅ တိုက်ပွဲဖြစ်၊ BGF အလောင်း ၁၁ လောင်းရ။
■ လှိုင်သာယာ ၃ ရပ်ကွက်ဥက္ကဌ ဓားခုတ်ခံရပြီး သေဆုံး။
■ စကစတပ်က အလော့ဘွမ်သို့ ပြန်လည်ချီတက်လာ၊ လမ်းမှာမိုင်းထိလို့ ထိခိုက်သေဆုံးမှုများ။
■ မန္တလေး ကညနရုံး ဗုံးပေါက် ၄ ဦးဒဏ်ရာရ။
■ မိုးညှင်းမှာ ဒလန် ၂ ဦးပစ်သတ်ခံရ။

(၁၁.၅.၂၀၂၁)

■ တန့်ဆည်ပြည်သူ့ကာကွယ်ရေးတပ်ကပစ်ခတ်လို့ စကစ ၃ ဦးသေဆုံး။
■ ဖားကန့်က စကစခန့် ရပ်ကျေးဥက္ကဌ သေနတ်နဲ့ပစ်သတ်ခံရ။
■ မြင်းခြံခရိုင် တလုပ်မြို့၌ တိုက်ပွဲဖြစ်ပွား၊ စစ်ကောင်စီတပ်ဖွဲ့ဝင်အချို့ သေဆုံး၊ ဒဏ်ရာရ။
■ တမူးမှာ တိုက်ပွဲဖြစ်ပြီး စကစ ၁၀ ဦး အထက်သေ။

(၁၂.၅.၂၀၂၁)

■ တမူး တိုက်ပွဲတွင် စစ်ကောင်စီ အကြမ်းဖက်စစ်တပ်ဘက်က ၂၀ ဦးဝန်းကျင် သေဆုံး။

ယခု "သာရေးသတင်းများ"သည် မိုလိုတော့ဗ်စာစဉ်မှ
လက်လှမ်းမီသလောက်စုစည်းထားသော တပတ်အတွင်း သတင်းများသာဖြစ်ပါသည်။
၎င်းအထဲတွင် စစ်တပ်ပိုင်အဆောက်အအုံများနှင့် ကားများ၊ ရပ်ကွက်ထွေအုပ်ရုံးများ
ဗုံးပေါက်ကွဲမှုသတင်းများနှင့် မီးလောင်ကျွမ်းမှုသတင်းများကို
စာမျက်နှာအခက်အခဲကြောင့် မဖော်ပြနိုင်ခဲ့ပါ။
နောက်တပတ်တွင် သာရေးသတင်းများကို စာမျက်နှာတိုး၍
ဝေဝေဆာဆာဖော်ပြနိုင်ရန် ပြည်သူများက သာရေးသတင်းများတိုးပွားဖို့
ကိုယ်တိုင်ဖန်တီး၍ တိုက်ပွဲဝင်ပေးကြပါရန် မိုလိုတော့ဗ်မှ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



# မိုလိုတော့ဗ်

အတွဲ–၁ ၊ အမှတ်–၇ ၊ မေ ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် Molotov.to.Read




"ရန်သူ၏
အားအနည်းဆုံးစရိုက်လက္ခဏာများထဲမှ တခုမှာ
ကုန်းလမ်းနှင့် ရထားလမ်းမှ သယ်ယူပို့ဆောင်ခြင်းဖြစ်သည်။"



ဘုရားသခင်အတွက်မေးခွန်း

လမ်းတိုင်းဟာ ရောမကို ရောက်နိုင်ပေမဲ့
ရောမကနေရောက်နိုင်တာ တလမ်းပဲ ရှိတယ်
အဲဒါဟာ ငရဲပဲ
ဆီဇာဟာ ကလီယိုပက်ထရာရဲ့ရင်သားထက်မှာ စစ်ရှုံး
ငါတို့အားလုံးဟာ ဘုရုတပ်စ်များသာပေါ့
ရဲရဲကြီး နာမည်ပျက်ကြတာပေါ့

မာတဲ့ခေါင်းက ရိုက်ခွဲလို့အကောင်းဆုံးပဲ








(၇.၅.၂၀၂၁)
- NUG အရပ်သားကာကွယ်ရေးဝန်ကြီးဌာနအောက်မှာ ကာချုပ်ကိုထားပြီး စစ်တိုင်း ၅ တိုင်းဖွဲ့မည်။
- ဂျပန်က မြန်မာကို လက်နက်အရောင်းပိတ်ပင်။
- စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်အတွင်း တိုက်ပွဲရှောင်ပြည်သူ ထောင်နဲ့ချီ အရေးပေါ် အကူအညီတွေလိုအပ်နေ။

(၈.၅.၂၀၂၁)
- စကစ မပြောင်းလဲရင် ထပ်အရေးယူမယ်လို့ G7အစည်းအဝေးကထုတ်ပြန်။
- ကန်ဒေါ်လာ ၂.၅ ဘီလီယံတန် သဘာဝဓာတ်ငွေ့စီမံကိန်းကို စကစခွင့်ပြုခဲ့။
- ဖမ်းဆီးခံလူငယ် ၁၀၀၀ ခန့် မိသားစုနှင့်အဆက်အသွယ်မရ (UNICEF)။
- လွတ်မြောက်နယ်မြေမှာ CDM ဗိုလ်မှူးဦးဆောင်တဲ့စစ်သင်တန်းစတင်။
- ပြည်သူ့သဘောထားကိုဆန့်ကျင်ပြီး စကစနဲ့ညှိနှိုင်းမှာမဟုတ်ဟု NUG ဒုသမ္မတဆို။

(၉.၅.၂၀၂၁)
- မန္တလေးအရပ်ဘက်အဖွဲ့ ၁၁၆ ဖွဲ့က စကစနဲ့ လုံးဝပူးပေါင်းလုပ်ဆောင်မှာမဟုတ်လို့ထုတ်ပြန်။
- မြို့နယ်ကာကွယ်ရေးအဖွဲ့တွေနဲ့ PDF တို့ ညှိနှိုင်းမှုတွေရှိနေပြီလို့ NUG ကာကွယ်ရေးဝနကြီးပြော။
- ကြားကာလပညာရေးအစီအမံ ၁ ခုကိုမကြာမီထုတ်ပြန်ကြေညာမည်ဟု NUG ပညာရေးဒုဝန်ကြီးပြော။
- ဖမ်းဆီးခံရသည့် ပုလဲမြို့လူထုသပိတ်ဦးဆောင်သူ ကဗျာဆရာခက်သီ စစ်ကြောရေးတွင် သေဆုံး။

(၁၀.၅.၂၀၂၁)
- မအလကို ဆက်ထောက်ခံပါက တပ်မတော်ပြိုကွဲမည်ဟု CDM တပ်မတော်သားများ သတိပေး။
- ဗမာ့အမျိုးသားတပ်မတော် ဖွဲ့စည်းကြောင်း ကြေညာ။
- တပ်မဟာ၊ တိုင်းစစ်ဌာနချုပ်နဲ့ တပ်ရင်းများဖွဲ့စည်းထားပြီဟု NUG ကာကွယ်ရေးဒုဝန်ကြီးပြော။
- တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ KNU ဥက္ကဌ ထုတ်ပြန်၊ ၎င်းစာမှာ KNU ၁ ဖွဲ့လုံး၏သဘောမဟုတ်ဟု ဗဟိုတာဝန်ရှိသူပြော။
- DVB သတင်းသမားတချို့ကို ထိုင်းအာဏာပိုင်ဖမ်းဆီး၊ မြန်မာပြည်ပြန်မပို့ရန်တောင်းဆို၊ ထိုင်း စဉ်းစားနေ။

(၁၁.၅.၂၀၂၁)
- ရှမ်း/တောင်ကိုယ်စားပြု အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်း။
- ASEAN ဥက္ကဌနဲ့ အတွင်းရေးမှူးချုပ် နောက်တပတ် မြန်မာကိုလာမည်။
- စကစ ပြည်ပရောက်မိသားစုတွေကို အရေးယူပိတ်ဆို့ရန် NUG စီစဉ်။

(၁၂.၅.၂၀၂၁)
- တမူးတိုက်ပွဲတွင် စကစတပ်က ကသည်းသူပုန်များအသုံးပြု။
- မောင်တောမှာ အာဆာနဲ့ နယ်ခြားစောင့်တပ် တိုက်ပွဲဖြစ်။

# စိုးရိမ်စရာ

## အနိုင်အရှုံး

NUCC* မပေါ်ခင်ဘဲ မြန်မာ နှစ်သစ်ကူးမှာ NUG ပေါ်လာတယ်။ အဲ့မတိုင်ခင် CRPH နဲ့ EAO* တွေ အတော်လေး အချိတ်အဆက်မိသလို မြင်ရပေမယ့် NUG ပေါ်ပေါက်ပြီးနောက်မှာ EAO တွေငြိမ်နေပြန်တယ်။

စစ်ဖြစ်တဲ့ ကချင်နဲ့ ကရင်ဒေသအချို့ကလည်း မိမိကိုယ်ပိုင်ပြဌာန်းခွင့်အတွက်ကိုပဲ ဦးတည်ပြီး စစ်ကောင်စီကိုဖြိုနေတာဖြစ်ပြီး NUG တို့ ဘာတို့ သိပ်ပြီး အာရုံလာတာမဟုတ်ဘူး။ မိမိမှုနဲ့မိမိပဲ။ သို့သော် EAOs တွေက Gen Z တွေကို လက်ခံပြီး သင်တန်းပေးမှုကနေ ရပ်ဆိုင်းမှာတော့မဟုတ်ဘူး။

KNLA တပ်မဟာ ၁။ ၂။ ၃။ ၅ တို့က စောဘဦးကြီးမှုနဲ့ ကော်သူးလေအိမ်မက်အတွက် ခုတိုက်ပွဲဝင်နေတယ်လို့ပဲမြင်တယ်။ NUG ကို ထောက်ခံတာမျိုး ခရိုင်အလိုက်ပြန်ကြည့် တပ်မဟာ (၅) တခုတည်းကသာလျှင် ထောက်ခံတာတွေ့ရတယ်။ သို့သော် Statement မှာ NUG ဆိုသော စာသားကို အသုံးမပြုဘဲ CRPH လုပ်ဆောင်မှုကို ထောက်ခံတဲ့သဘောအဆင့်ပဲရှိတဲ့ နိုင်ငံရေးချေကုပ်ယူမှု(Political Leverage) ကို တည်ဆောက်ထားတာတွေ့ရတယ်။

စစ်ကောင်စီကို ဖြုတ်ချတဲ့ပွဲမှာ လူငယ်သပိတ်တွေဖြစ်တဲ့ GSC, GSCN က စုပေါင်းခေါင်းဆောင်မှု (Collective Leadership) ကို အော်လာခဲ့ပေမယ့် NUG ကလည်း မိမိသဘောနဲ့ပဲဆက်သွားနေတာတွေ့ရတယ်။ တကယ်သနားဖို့ကောင်းတာက တောထဲမှာ ငှက်ဖျားထူထူကြားထဲ ဘဝတက္ကသိုလ်တက်နေတဲ့ လူငယ်တွေပါဗျာ။

အခုထိ EAO နဲ့ NUG ဆက်ဆံရေးကောင်းလာပုံကို မတွေ့ရချင်းက စစ်ဆင်ရေးလုပ်နေတဲ့ စစ်ကောင်စီအတွက် အတော်အသက်ရှူချောင်စေပါတယ်။ KNU ထဲမှာတောင် တပ်မဟာ ၄ ခုကိုဘဲတိုက်ရသေးတာ။ အင်အားကောင်းတဲ့ RCSS တို့ AA တို့က အေးအေးဆေးဆေးဘဲ။ ဒီတော့ NUG က တစ်ကိုယ်ကောင်းဆန်ပြီး စစ်ကောင်စီကို အနိုင်ယူနိုင်မယ်ထင်ပုံရတယ်။

ဖြစ်သင့်တာကတော့ စုပေါင်းအင်အားနဲ့ စစ်ကောင်စီကို တော်လှန်တာအကောင်းဆုံးဘဲမြင်ပါတယ်။ ဘာလို့ဆို စစ်တပ်ကိုအောင်ဖို့ဆိုတာ လွယ်လွယ်ကူကူနဲ့ အချိန်တိုအတွင်း နိုင်ဖို့မဖြစ်နိုင်လို့ပါ။

*NUCC = အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ
*EAOs = လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ

● ABC







ညစ်ပတ်ပေရေနေမှ လျှော်ဖွပ်ရတာမဟုတ်ဘူး
အဖြူလည်း အဖြူစွန်းတာပဲ
အမြဲ လျှော်ဖွပ်နေရတယ်
မင်းရဲ့ဦးခေါင်းထဲ ယမ်းဘီလူးတွေ တပ်ဆင်ထားရင်
မင်းရဲ့နှလုံးသားမှာ ဘယ်ချိုးငှက်မှ သံလွင်ခက်နဲ့ရောက်မလာဘူး
မင်းရရှိမှာ ဆူးခက်သရဖူနဲ့လျှောင်ပြောင်သရော်မှု
မင်းရဲ့ရှင်ပြန်ထမြောက်ချိန်ကိုလူသားတွေက ကျောခိုင်းလို့
ငတ်မွတ်နေတဲ့ကလေးငယ်တွေနဲ့ခြေတဖက်ပြတ်
စစ်သားတယောက်က ပြောမယ်
လူတိုင်းက ယေရှုမဖြစ်နိုင်ဘူး ဖြစ်ချင်းဖြစ် နပိုလီယံပဲ ဖြစ်မယ်တဲ့
အာဟာရပြတ် လဲကျနေတဲ့
အဘွားတယောက်က ပြောလိုက်တယ်
ယေဟောဝါက နပိုလီယံကို နှစ်ယောက် မဖန်တီးခဲ့ဘူး
နပိုလီယံတော့ဖြစ်မှာမဟုတ်ဘူး
နပိုလီယံရှုံးပဲ ဖြစ်ရမယ်
မင်းတို့ ရှုံးသွပ်မှုအောက်မှာ
ငါ့တောင်ယာခင်းလေးနဲ့ ငါ့လင်သား
ငါ့သားမြေးမြစ်များ ပါသွားခဲ့ပြီ
ပျက်သုဉ်းခြင်းဟာ အဆုံးရှိတယ်
အမုန်းတွေဟာ အဆုံး မရှိဘူး
စစ်ပွဲတွေ ဘယ်နည်းနဲ့ပြီးမလဲ
ဘုရားသခင်သာ ဖြေနိုင်မယ့်မေးခွန်းပဲ။ ။

● ခက်သီ (၁၉၇၆–၂၀၂၁)

(၉.၅.၂၀၂၁ နေ့၌ ရွှေဘိုမြို့တွင် စစ်အာဏာရှင်၏ညှင်းပန်းနှိပ်စက်မှုဖြင့် ကျဆုံးသည်။)

## စစ်သားဖြစ်သွားတယ်

ချိုဆိမ့်တခွက် သောက်ခွင့်ရရေးမှာ
စစ်အစိုးရပြုတ်ကျရေးဆီ ဦးတည်တယ်
စာအုပ်တန်းမှ မြောက်ပိုင်းရောက်သွားတဲ့လူငယ်
“မေမေနေကောင်းလား” ကြားတိုင်းငိုတယ်
“မေမေနေကောင်းလား” ကြားတိုင်းငိုတယ်

သောက်တလွဲလူ့အဖွဲ့အစည်းမှလူငယ်
မြောက်ပိုင်းမှာညှပ်လိုက်ရတဲ့
ဆံပင်တွေအတွက်ဂုဏ်ယူတယ်
မြောက်ပိုင်းမှာညှပ်လိုက်ရတဲ့
ဆံပင်တွေအတွက်ဂုဏ်ယူတယ်
မေမေ ဆန့်ကျင်တဲ့ ဆံပင်ရှည်တွေကြိုက်တဲ့သား
ခု စစ်သားဖြစ်သွားတယ်
ခု စစ်သားဖြစ်သွားတယ်

အုတ်နီခဲကြားက မြက်ရိုင်းလို
ရှင်သန်ဖို့ ခက်သွားတဲ့ ခေတ်မှာ
ခု သေရဲသွားတယ်
ခု တိုက်ရဲသွားတယ်
ခု စစ်သားဖြစ်သွားတယ်

ကျနော်ယုံတယ် မေမေ
မှောင်နေတဲ့ခေတ်မှာ ဘုရားသခင်သာရှိရင်
သူကိုယ်တိုင် စစ်မှုထမ်းလိမ့်မယ်။ ။

● ရဲဘော်စည်သူ (၂၁–မြောက်ပိုင်းမှ)







စားခဲ့ကြရတဲ့အထိ ဗီယက်နမ်ပြည်သူတွေရဲ့ ခုခံမှုတွေက အဲဒီအချိန်က နာမည်ကျော်ခဲ့ ပါတယ်။ အမေရိကန်က ဘယ်လောက်တောင် ပြင်းပြင်းထန်ထန် တိုက်ခဲ့သလဲဆိုတော့ ဒုတိယကမ္ဘာစစ်မှာ သုံးခဲ့တဲ့ ဗုံးတန်ချိန်တွေရဲ့ နှစ်ဆကို ဗီယက်နမ်မှာကြဲချခဲ့တယ်။ နေရာအနှံ့မှာ ပျံ့ဝဲနေတဲ့ယင်ကောင်တွေကို အင်အားပြင်းပြင်းနဲ့ မညှာမတာ တိုက်ခိုက်ပေမယ့် နောက်ဆုံးအဆုံးသတ်မှာတော့ ဗီယက်နမ်ပြည်သူတွေကို အရှုံးပေးခဲ့ရတယ်။

မအလစစ်ကောင်စီတပ်တွေမှာ ပြည်သူ့ထောက်ခံမှုမရှိဘူး။ ခိုးဆိုးလုယက်အကြမ်းဖက် နှိပ်စက်ဖို့ကလွဲပြီး တခြားအရည်အချင်းမရှိဘူး။ လက်နက်မရှိတဲ့ ပြည်သူတွေအပေါ် ဗိုလ်ကျအနိုင်ကျင့်ဖို့ကလွဲပြီး တခြားဘာကိုမှ မလုပ်တတ်။ မအလစစ်ကောင်စီဟာ ပြည်သူတရပ်လုံးကို ရန်သူအဖြစ်သတ်မှတ်ထားပြီး ရန်ပြုနေရတယ်။ မြန်မာပြည်က မြို့ကြီးမြို့ငယ်တွေပေါ်မှာ တပ်စွဲသွားလာနေတဲ့ မအလတပ်တွေရဲ့ ချီတက်ပုံတွေဟာ ရှေ့တန်းစစ်မြေပြင် စစ်ဆင်ရေးဆင်နွှဲနေတဲ့ ပုံစံအတိုင်းဖြစ်နေတာကို ကြည့်ရင်သိနိုင်ပါတယ်။

ပြည်သူကို ရန်သူလိုသဘောထားတဲ့ မအလစစ်ကောင်စီကို ပြည်သူတွေက ရရာလက်နက်စွဲကိုင်ပြီး ခုခံနေကြတယ်။ အစောဆုံးနဲ့ အထင်ရှားဆုံးခုခံမှုတွေကတော့ ရန်ကုန် မြောက်ဥက္ကလာ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ပဲခူး စတဲ့ဒေသတွေက လူထုခုခံမှု တိုက်ပွဲတွေဖြစ်ပါတယ်။

အဲဒီနောက် မြန်မာပြည်အလယ်ပိုင်း ဒေသတွေဖြစ်တဲ့ ဒီပဲယင်း၊ ကနီ၊ ယင်းမာပင်၊ တန့်ဆည်ဒေသတွေက ပြည်သူတွေရဲ့ခုခံမှုတွေဖြစ်တယ်။ အဲဒီနောက်တော့ ကလေး၊ တမူးဒေသက ချင်းပြည်သူတွေရဲ့ ခုခံတွန်းလှန်မှုများကလည်း ပြင်းထန်ပြီး မြန်မာပြည်တဝှမ်းလုံးက ပြည်သူများသာမက ကမ္ဘာကပါ စောင့်ကြည့်ရတဲ့ ခုခံမှု စစ်ပွဲတွေဖြစ်လာခဲ့တယ်။

အခုနောက်ဆုံး မင်းတပ်တိုက်ပွဲမှာတော့ ခေတ်မီစစ်လက်နက် လက်နက်ကြီးလက်နက်ငယ် အပြည့်အစုံ တပ်ဆင်ထားတဲ့ မအလစစ်ကောင်စီတပ်တွေဟာ ရှေးဟောင်းတူမီး လက်နက်မျှကိုသာ ကိုင်ဆောင်ပြီး တိုက်ပွဲဝင်တဲ့ ချင်းအမျိုးသား သူရဲကောင်းတွေကို အရှုံးပေးလိုက်ရတယ်။ မအလစစ်ကောင်စီတပ်ဘက်က (၃၄)ဦး ကျဆုံးပြီး (၂၀) ဦး ဒဏ်ရာရ၊ ၅၀ ထွက်ပြေးကာ စစ်ကား ၃ စီး မီးလောင်သွားတယ်လို့ သိရတယ်။ ဗျူဟာမှူးကိုယ်တိုင်ပိတ်မိနေလို့ မအလစစ်တပ်ဟာ သူတို့မတရားဖမ်းထားတဲ့ ပြည်သူတွေကို ပြန်လွှတ်ပေးလိုက်ရတယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ ပျောက်ကြားစစ်ကိုဆင်နွှဲတဲ့ ပြည်သူတွေကို ဘယ်လို ခေတ်မီလက်နက်တွေ ဖြည့်ဆည်းထားထား ယှဉ်ပြိုင်လို့မရနိုင်တာဘူးဆိုတာပါပဲ။

ဒီတိုက်ပွဲဖြစ်စဉ်တွေကို သေသေချာချာ လေ့လာရင် ဂျင်ကလိကအစ Airgun ဆိုတဲ့ လက်လုပ် လေသေနတ်လေးတွေကနေ အစချီခဲ့ရာကနေ လက်လုပ်တူမီးခေါ် တဲ့ ယမ်းထောင်းသေနတ်အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ အစပိုင်းမှာ ပြည်သူ့ ပျောက်ကြားတိုက်ပွဲတွေကနေ အစချီရင်း တပြည်လုံးသိမ်းတဲ့ ထိုးစစ်တွေအထိ တိုက်ကြဖို့ စိတ်ဓာတ်၊ ကြံ့ခိုင်မှု၊ ညီညွှတ်မှုနဲ့အတူ ဘက်ပေါင်းစုံက ပြင်ဆင်ကြရပါမယ်။

● စည်သာအောင်



# မင်းတပ်က ပြခဲ့ ပြည်သူ့စစ်ပွဲ

စည်သာအောင်

မင်းတပ်တိုက်ပွဲ သတင်းတွေကို ကြားသိရတော့ တကျော့ပြန် ဗီယက်နမ်စစ်ပွဲ ချင်းပြည်မှာ ပြန်ပေါ်လာတယ်လို့တောင် စိတ်ထဲဖြစ်ပေါ်မိတယ်။ ဗီယက်နမ်စစ်ပွဲဆိုတာ ကမ္ဘာပေါ်မှာ ခေတ်အမီဆုံးလက်နက်တွေနဲ့ နှိမ်နင်းနေတဲ့ အမေရိကန်ကို "ယင်ကောင်တွေကို ဆယ်ပေါင်တူ တချောင်းနဲ့ နှိမ်နင်းနေတဲ့ လူသန်ကြီး"အဖြစ် ကမ္ဘာ့မီဒီယာတွေက တင်







# ရန်သူ့နှလုံးအိမ်ကျွင်း ထိုးကော်ချင်းစေသားကျဲ

# မားမြောင်း

● တင်မြင့်ဇော် ●

ပြောက်ကျားဆိုတာ ရန်သူကြီးစိုးတဲ့ဒေသမှာ စစ်ရေးလှုပ်ရှားမှု လုပ်တာပါ။ စစ်ပုံသဏ္ဍာန် သုံးမျိုးမှာ ဌာနေပြောက်ကျားနဲ့ မိုဘိုင်းပြောက်ကျားဟာ ထိုးစစ်ကို မဖြစ်မနေကျင့်သုံးတယ်။ ထိုးစစ်ဆိုပေမဲ့ ခံစစ်ဆင်ရတဲ့ အလှည့်ဟာ မလွှဲမရှောင်သာ ကျရောက်တတ်တယ်။ ရန်သူက လက်ဦးရင် ခံစစ်နဲ့ကြုံရတယ်။ အမြဲတမ်းပြောက်ကျားကတော့ ခံစစ်နဲ့ ထိုးစစ်ကို လိုက်လျောညီထွေဖြစ်အောင် ကျင့်သုံးတယ်။

စစ်မှာ တရားသေ လှုပ်ရှားလို့ရတာ ဘာမှ မရှိဘူး။ စစ်ရဲ့တရားဟာ အမြဲ ရှင်သန်နေတယ်။ အသေမရှိဘူး။ သူဦး သူချ၊ ကိုယ်ဦး ကိုယ်ချပဲ။ ဒါပေမဲ့ ဌာနေပြောက်ကျားမှာ အခြေစိုက်စခန်း မရှိဘူး။ နေ့လယ်သမား ညပြောက်ကျားဆိုတော့ သေနတ်နဲ့လူ ကွဲပြားနေခိုက်မှာ သာမန်ပြည်သူပဲဖြစ်တယ်။

မိုဘိုင်းပြောက်ကျားက လှုပ်ရှားမှု မြန်ဆန်သွက်လက်အောင် အထူးဂရုစိုက်ရမယ်။ သူက ဌာနေပြောက်ကျားကနေ နောက်တဆင့်တက်လာတာပဲ။ ဌာနေပြောက်ကျားရဲ့ အားနည်းချက်ဖြစ်တဲ့ ဒေသစွဲဝါဒကို စွန့်ပစ်နိုင်ရတယ်။ နေရာ အရွှေ့အပြောင်းလုပ်ရာမှာ ရန်သူ မခန့်မှန်းနိုင်လောက်အောင် တမဟုတ်ချင်း မြန်ဆန်ဖို့လိုတယ်။ စစ်မြေပြင် အနှံ့အပြား ရွှေ့ပြောင်းလှုပ်ရှားနိုင်ဖို့လိုသလို တိုက်ပွဲခွင်ထဲမှာလည်း မထင်မှတ်တဲ့ အလှည့်အပြောင်း လုပ်တာမျိုး စွမ်းဆောင်နိုင်ရပါတယ်။ ပြောက်ကျားစစ်ဟာ ခံစစ်မဟုတ်ဘူး။ ထိုးစစ်ပဲဆိုတာကို

အလေး နက်ထားဖို့လိုပါတယ်။

လီနင်က မော်စကိုပုန်ကန်မှုကို လေ့လာပြီး သင်ခန်းစာထုတ်ပေးခဲ့တာက ဒီလိုပါ။

၁။ လူထုထဲမှာ လှုံ့ဆော်မှုတွေ တတ်နိုင်သလောက် လုပ်ပေးရမယ်။

၂။ ရန်သူ့တပ်ကို ချေမှုန်းနိုင်မယ့် အဆုံးအဖြတ်တိုက်ပွဲတွေ တိုက်ရမယ်။

၃။ ထိုးစစ် ဆင်ရမယ်။ ခံစစ် မဖြစ်ရဘူး။

၄။ ပြောက်ကျားနည်းနဲ့ စစ်ဆင်တိုက်ခိုက်ရမယ်။

နံပါတ် ၂ အချက်ကို သတိထားဖို့လိုပါတယ်။ ကျနော်တို့က ပြောက်ကျားနိဒါန်းကို အခုမှ စမလို့ရှိသေးတယ်။ အဆုံးအဖြတ်ပေးတဲ့ တိုက်ပွဲ မတိုက်နိုင်သေးဘူး။ စိတ်လော မကြီးပါနဲ့။ ရဲစခန်းတွေ၊ တိုက်ကင်းတွေ၊ အစောင့်တဲတွေကိုသာ အရင်ရှင်းပါ။ ရန်သူကို သွေးပျက်လာအောင် အနိုင်ယူပါ။

လက်နက်ကိုင်ပုန်ကန်တယ်ဆိုတာ လုပ်ကြံသတ်ဖြတ်ပြီး အာဏာသိမ်းတာမဟုတ်ဘူး။ ပါတီတရပ်က ဖန်တီးတဲ့ တိုက်ပွဲပုံသဏ္ဌာန်လည်းမဖြစ်ရဘူး။ အဖိနှိပ်ခံလူထုက အောင့်အည်းသည်းခံလို့ မရတဲ့အဆုံး တပြည်လုံး အုံကြွပုန်ကန်တာမျိုးဖြစ်အောင် လှုံ့ဆော်ရမယ်။ နိုးကြားတက်ကြွပြီး၊ တိုးတက်တဲ့အမြင်ရှိတဲ့ အလုပ်သမားလူတန်းစားကို အခြေခံရမယ်။

လက်နက်ကိုင် ပုန်ကန်မှုမှာ တော်လှန်ရေးအမြင်၊ တော်လှန်ရေး အခြေခံ ပါရပါမယ်။ လူထုဟာ အာဏာသိမ်း စစ်ကောင်စီက ကျင့်သုံးနေတဲ့ ဖက်ဆစ်ဝါဒ၊ လူသတ်ဝါဒကို ပယ်လှန်ပြီး ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်တဲ့ ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို ကျင့်သုံးခွင့်ရှိရပါမယ်။ ဒီအခွင့်အရေးကို မဖြစ်မနေပြန်ရဖို့ အနိုင်တိုက်မယ်ဆိုတဲ့ သန္နိဋ္ဌာန် ခိုင်မာဖို့လိုတယ်။

တော်လှန်ရေး ဆင်နွှဲတဲ့အချိန်အခါလည်း မှန်ဖို့လိုတယ်။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ အကောင်းဆုံးအချိန်က လူထု နိုင်ငံရေးမြင့်တက်နေတဲ့အချိန်ပဲဖြစ်ပါတယ်။ ရန်သူက အတွေဝေဆုံးဖြစ်နေချိန်၊ ရန်သူ့တပ်က လူထုအပေါ် တိမ်းညွတ်နေချိန်၊ ဖောက်ပြန်ရေးသမားတွေ အားနည်းနေတဲ့အချိန်ဟာ တော်လှန်ရေး ပေါက်ဖွားဖို့ အသင့်တော်ဆုံး ကာလပဲ။

တော်လှန်ရေး သဘောတရားတရပ်ကို စနစ်တကျတပ်ဆင်ထားတဲ့ တော်လှန်ရေးတပ်ဦးပါတီရဲ့ ခေါင်းဆောင်မှုကလည်း မဖြစ်မနေလိုအပ်တယ်။ ပါတီ၊ တပ်၊ ဒေသ၊ ကေဒါ၊ ပါတီဝင်အားလုံး အဆင်သင့် အချိန်ကိုက်ကြီးထွားလာရင် အောင်ပွဲခံမှာ မုချပဲ။ ဒါတွေအားလုံးဖြစ်လာဖို့က မှန်ကန်တဲ့ လမ်းစဉ်ပေါ်လစီတရပ်ကို စနစ်တကျ ဆုပ်ကိုင်မိဖို့ အရေးကြီးတာပါ။

သမိုင်းကို ပြည်သူက ဖန်တီးတယ်။ တော်လှန်ရေးခရီး အရှုံး၊ အနိုင်၊ အောင်မြင်မှု၊ မအောင်မြင်မှုတွေကို ပြည်သူကပဲ အဆုံးအဖြတ် ပေးလိမ့်မယ်။ ကျနော်တို့ဟာ ကိုယ့်ဒူးကိုယ်ချွန် အနစ်နာခံ လုံးပန်းတိုက်ခိုက်တဲ့ စိတ်ဓာတ်နဲ့ မဆုပ်မနစ် တိုက်ပွဲဝင်သွားဖို့ပဲ လိုပါတယ်။

မြေအောက်ပြောက်ကျား လက်နက်ကိုင်ပုန်ကန်မှုဟာ ရန်သူ့နှလုံးအိမ်ထဲမှာ ဓားမြှောင်နီနဲ့ ထိုးစိုက်လိုက်တာပဲဖြစ်ပါတယ်။ ပြည်သူအတွက်တော့ အေးမြတဲ့ စမ်းရေကြည်ဖြစ်ရမှာ မုချပါ။

● တင်မြင့်ဇော်





ပြတာ မကြာခဏ ကြားခဲ့ရဖူးတယ်။

၂။

ကျနော်တွေးမိတာက "ဘဘ ဦးတင်ဦးရဲ့ ထမင်းအမြိန်ဆုံးအချိန်"ဆိုတဲ့အတိုဆုံးဝတ္ထုလေးက ဂျပန်တော်လှန်ရေးကာလ ဗမာ့တပ်မတော်ဆိုတာ လူထုရဲ့ အသည်းနှလုံး၊ တပ်မတော်အပေါ် ထားတဲ့ ပြည်သူတွေရဲ့ မေတ္တာတရားကို ဖော်ပြနေသလိုဘဲ။ ကျနော့်ဘကြီးနဲ့ ဂျပန်ကလေးငယ်နှစ်ဦးရဲ့ ဇာတ်လမ်းက အဲ့ဒီကာလ ဗမာ့တပ်မတော်ရဲ့ လူသားဆန်မှုနဲ့ ဂုဏ်သိက္ခာကို ရည်ညွှန်းနေတယ်။

နောက် ကျနော့်ဘကြီးက သူပုန်ဘဝနဲ့ အသတ်ခံလိုက်ရတယ်။ ဘဘက တပ်မတော်ထဲမယ် ဆက်ရှိနေခဲ့တယ်။ ဒီဇာတ်ကွက်ကတော့ တပ်မတော် စကွဲပြီ၊ မူလ ဖက်ဆစ်ဆန့်ကျင်ရေးကာလကလို မဟုတ်တော့ဘူး။

ကျနော့်ဘကြီး အသတ်ခံလိုက်ရတာကလည်း ရဲဘော်ရဲဘက်တွေဖြစ်ခဲ့ကြတဲ့ မိတ်ဆွေ အဖွဲ့အစည်းက သတ်လိုက်တာဖြစ်တယ်။ "ဖက်ဆစ်တော်လှန်ရေးကာလက ရှိခဲ့ကြတဲ့ ညီညွတ်မှုတွေပြိုပြီ"လို့ မြင်လို့ရနိုင်တယ်။

ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနဲ့ ရဲဘော်ဖြူ ခေါင်းဆောင်တဦးဖြစ်သူ ဗိုလ်ကွန်းဇော်တို့လို သင်တန်းတပတ်စဉ်တည်းဆင်း သူငယ်ချင်းနှစ်ဦးရဲ့ ဇာတ်လမ်းတကွက်နှစ်ကွက်က ဗမာ့တပ်မတော်ရဲ့လမ်းကြောင်း လာရာနဲ့ သွားရာကို ဖော်ပြနေသလိုပါပဲ။

၃။

ဂျပန်တော်လှန်ရေးကာလပြီးကတည်းက ဗမာ့တပ်မတော်ဟာ ဖက်ဆစ်ဆန့်ကျင်ရေးမူလလမ်းကြောင်းပေါ်က သွေဖီလာတာကို ဘဘဦးတင်ဦးနဲ့ ကျနော့်ဘကြီးတို့ရဲ့ ဇာတ်လမ်းဇာတ်ကွက်အချို့နဲ့တင် မှန်းဆလို့ရပေမယ့်၊ ပြင်လို့ရနိုးရနိုးနဲ့ နိုင်ငံရေးခေါင်းဆောင်တွေ ကြိုးစားကြပေမယ့် ကြိုးစားသူတွေသာ ဖမ်းဆီးနှိပ်စက်ခံခဲ့ကြရတယ်။ ခံနေရဆဲလည်း ဖြစ်တယ်။

ကနေ့ဆိုရင် လက်နက်မဲ့ ပြည်သူတွေကို နှိပ်စက်တာ၊ သတ်ဖြတ်တာ ကြောက်ခမန်းလိလိပါပဲ။ ကြောက်ကြောက်နဲ့ ဖခင်ကိုတွယ်ကပ်နေတဲ့ ကလေးကိုပင် ရက်ရက်စက်စက် ပစ်သတ်တဲ့တပ်မတော်။ "ဖက်ဆစ်ဂျပန်တွေက ကလေးငယ်တွေကို အဲ့ဒီ့လိုရက်စက်ခဲ့လေသလား" ကျနော်မကြားမိသေးဘူး။ ကိုယ့်တိုင်းကိုယ့်ပြည်ထဲမှာ ကိုယ်ကျွေးထားတဲ့တပ်မတော်က ကိုယ့်တိုင်းပြည်ရဲ့ အနာဂတ်တွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတာ မကြား ဝံ့မနာသာပါလား။ လူထဲသူထဲ၊ မြို့ထဲပြထဲမယ် စတိုးဆိုင်တွေကိုဖောက်ရဲ၊ ပစ္စည်းတွေကို လုယူရဲတဲ့ တပ်မတော်အဖြစ် ဟိုးလေးတကျော်ဖြစ်နေပြီ။ ပြည်သူတွေရဲ့ အိမ်၊ ခြံ၊ ကားတွေကို ညကြီးမိုးချုပ် ပစ်ခတ်ဖျက်ဆီးရဲတဲ့တပ်မတော်ဖြစ်နေပြီ။ မိန်းကလေးငယ်တွေကို ဖမ်းဆီးနှိပ်စက်ရဲတဲ့ တပ်မတော်ဖြစ်နေပြီ။ လူထုက အော့နှလုံးနာတဲ့ တပ်မတော်ဖြစ်လို့နေရပြီ။ ကိုယ်ကိုယ်တိုင်"ဖက်ဆစ်"လို့ ကိုယ့်ဘာသာ ကြွေးကြော်ပြီး အကြောက်တရားနဲ့ အာဏာကို ဖက်တွယ်ဖို့ကြိုးစားနေတဲ့ ဖက်ဆစ်တပ် ဖြစ်လို့နေရပြီ။

နိဂုံး။

သမိုင်းက ဒီလိုအကျဉ်းတန်တဲ့ တပ်မတော်မျိုးကို ဖျက်သိမ်းပြီး ပြည်သူကချစ်တဲ့၊ လူသားဝါဒ လက်ကိုင်ထားတဲ့ တိုင်းချစ် ပြည်ချစ် တပ်မတော်မျိုး ပြန်လည်တည်ဆောက်ဖို့ ပြင်းပြင်းထန်ထန် တောင်းဆိုနေချေပြီ။ "ပြည်ချစ်တပ်မတော်သစ် (ဖက်ဒရယ်တပ်မတော်)ကို ဝိုင်းဝန်းတည်ဆောက်ပြီး တိုင်းပြည်ကို အစွမ်းကုန်အလုပ်အကျွေး ပြုကြပါစို့"လို့ တိုက်တွန်းအပ်ပါတယ်။

● အောင်မိုးဇော်

# သမိုင်းရဲ့တောင်းဆိုချက်က တိုင်းချစ်ပြည်ချစ် တပ်မတော်အသစ်

● အောင်မိုးဇော် ●

နိဒါန်း။

ကနေ့ တိုင်းပြည်ရဲ့လိုအပ်ချက်က တိုင်းချစ်ပြည်ချစ် တပ်မတော်အသစ်။ ပြည်သူတွေက ရင်ထဲအသည်းထဲက တောင့်တနေတဲ့၊ လူမှုစာမျက်နှာပေါ်တွေမယ် ရေပန်းစားနေတဲ့ ဖက်ဒရယ်တပ်မတော်အသစ်။ နယ်ချဲ့ဆန့်ကျင်ရေးမယ် သန္ဓေတည်ခဲ့တဲ့ ဗမာ့တပ်မတော်ဟာ ဖက်ဆစ်တော်လှန်ရေးပြီးကတည်းက တဖြေးဖြေး ဖက်ဆစ်ဆန့်ကျင်ရေးမူလလမ်းကြောင်းပေါ်က သွေဖီလာပြီး အခုအချိန်မတော့ ဖက်ဆစ်တပ် လုံးလုံးဖြစ်နေပြီဆိုတာ … ၎င်းတို့ကိုယ်တိုင် မရှက်မကြောက် ဖော်ထုတ်ပြသနေကြပြီ။ တတိုင်းပြည်လုံးက အော့နှလုံး နာနေကြပြီ။

၁။

ဘဘ ဦးတင်ဦး(NLD နာယကကြီး)နဲ့ သုံးခါလောက် စကားပြောဖူးတယ်။ ပထမဆုံးအကြိမ် ကျနော်ကိုယ့်တိုင်းကိုယ့်ပြည်ကို ပြန်လာခွင့်ရတဲ့အချိန် ဘဘ ကို နှုတ်ဆက်ချင်လို့၊ ဘဘတော့သိမယ် မဟုတ်ဘူး။

သူ့အကြောင်း ငယ်ငယ်ကတည်းက အဖွားဖြစ်သူ ခဏခဏပြောတာကြားဖူးတယ်။ အဖွားက သူ့သားကြီးကို သတိရတိုင်း ဘဘ ကာကွယ်ရေးဦးစီးချုပ်ဘဝနဲ့ ကျနော်တို့မြို့လေးရောက်စဉ် လာပြီး နှုတ်ဆက် ကန်တော့တဲ့အကြောင်း၊ သူ့သားကြီးနဲ့ ရဲဘော်ရဲဘက်ဖြစ်ကြောင်း တခုတ်တရ ပြောလေ့ရှိတယ်။

ဘဘနဲ့တွေ့ဖို့ NLD ရုံးကိုလိုက်ပို့တာက ကျနော်တို့မြို့က ၉၀ အမတ် ဦးသိန်းထွန်း။ ကျနော့်အကိုကြီးလို အဖေလိုချစ်ရခင်ရ လေးစားရတဲ့သူပါ။ အဲ့တုန်းက ဘဘနဲ့ မတိမ်းမယိမ်း NLD EC ဦးစိုးမြင့် ထင်တယ်။ နှစ်ဦးကို ထိုင်ကန်တော့ပြီး ပြန်ဆင်းလာတော့ အကိုကြီးကမေးတယ် “မင်း ဗိုလ်ကွန်းဇော်ရဲ့တူဆိုတာ ပြောခဲ့လား”တဲ့။ “ကျနော် အဘပြောတာတွေ နားထောင်ရင်း ပြောဖို့မေ့သွားလို့”လို့ ဦးသိန်းထွန်း(အကိုကြီး)ရဲ့ အမေး ကို ဖြေခဲ့မိတယ်။


ဘဘ ဦးတင်ဦး ပြောတာကို နားထောင်ရတာလား၊ ရေးတာကို ဖတ်ဖူးလိုက်တာလားတော့ မဝေခွဲ တတ်တော့။ သူပြောခဲ့ဖူးတဲ့ “သူ့ဘဝမယ် ထမင်းအမြိန်ဆုံးအချိန်က ဖက်ဆစ်တော်လှန်ရေးကာလမှာ ပြည်သူတဦးကျွေးတဲ့ ထမင်းအကြောင်း”ဖြစ်တယ်။ နောက်တကြိမ်ဆိုတာကတော့ 7 Day သတင်းစာ နှစ်ပတ်လည်ပွဲမယ် ထင်တယ်။ တတိယအကြိမ်ကတော့ UNA Plus ညီလာခံမယ်။ အဲ့ပွဲကို ဘဘ လာတက်တယ်။ ဘဘကို သွားနှုတ်ဆက်စကားပြောရင်း “ကျနော် ဗိုလ်ကွန်းဇော်ရဲ့တူပါ”လို့ပြောတော့ ကျနော့်ကို သေချာကြည့်ပြီး “ကွန်းဇော်ကို ဘယ်သူသတ်သလဲ မင်းသိလား”လို့မေးတယ်။ “ဟုတ်ကဲ့ သိပါတယ်”လို့ ကျနော်ဖြေရင်း ဘဘကို နှုတ်ဆက်ပြီး အစည်းအဝေးနဲ့ပတ်သက်လို့ လုပ်စရာရှိတာတွေကို ဆက်လုပ်ရင်း ကျနော့်ဘကြီး အကြောင်း၊ အဲဒီခေတ်နိုင်ငံရေးအကြောင်း စဉ်းစားရင်း “ငါတို့ခေတ်ထိ မပြီးသေးပါလား”လို့ တွေးမိခဲ့တယ်။ ကျနော့်ဘကြီးအကြောင်းစဉ်းစားတော့ ဂျပန်တော်လှန်ရေးကာလမယ် ဂျပန်တွေကိုမောင်းထုတ်နေချိန် ကျနော့်ဘကြီးကလည်း တော်လှန်ရေးသမား သို့ပေမယ့် အဲ့အချိန်တုန်းက ဂျပန်ကလေးငယ်နှစ်ဦးကို ဖွက်ထားပြီး ဘေးလွတ်ရာကို ပို့ပေးခဲ့တယ်။ သက်ကြီးစကား သက်ငယ်ကြားဆိုသလို အဲ့ဒီလှပတဲ့ပုံပြင်လေးကို ကျနော့်ကြီးတော်ကြီး ပြန်ပြော

ဆောင်းပါး



# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း – ၇



မိုးလိုတော မိုးလိုတော မိုးလိုတော မိုးလိုတော × ဘိုးဒေါင်း ×

ဒီတပတ်တော့ မှတ်စု(၆)နဲ့တဆက်တည်း စစ်ပွဲနဲ့ပတ်သက်လို့ သတိပြုစရာလေးထပ်ဖြည့်ပြောချင်တယ်။ အရင်ကလည်းပြောခဲ့ဖူးတယ်။ စစ်ပညာကျမ်းတွေဟာ လေ့လာကိုးကားဖို့ပဲဖြစ်တယ်လို့ပေါ့။ တထပ်တည်း ကျင့်သုံးလို့ မရတတ်ဘူးလေ။

အဲ့ဒီလိုပဲ တိုက်ပွဲဆိုတာ စစ်သူကြီးတဦးရဲ့ ကြိုတင်စီစဉ်ထားတဲ့သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်အတိုင်းလည်း အံဝင်ဂွင်ကျ တထပ်တည်းကျမယ်လို့ မမျှော်လင့်လေနဲ့။ တထပ်တည်းကျချင်မှ ကျပေလိမ့်မယ်။ ကျရိုးထုံးစံလည်း မရှိဘူးလို့မှတ်ပါ။

အကယ်၍ ဖြစ်လာသည့်တိုင်အောင် တထပ်တည်းအံဝင်ဂွင်ကျမဟုတ်ဘဲ သတ်မှတ်ချက်ဘောင်အတွင်း ချဉ်းကပ် ရောက်ရှိလာခြင်းမျှသာဖြစ်တယ်လို့ မှတ်ပါ။ ဘာလို့ ဒီလို တထပ်တည်းမကျနိုင်သလဲဆိုတော့ တဖက်မှရန်သူကလည်း ကိုယ့်ဘက်ကစစ်သူကြီးလို သူ့အစီစဉ်နဲ့သူ ရှိနေတတ်လို့ပဲဆိုတာ မမေ့လေနဲ့။

များသောအားဖြင့် စစ်ကျမ်းတွေမှာ ရန်သူအပေါ် လက်ဦးမှုရရှိရေးကို အဓိကထားပြောလေ့ရှိတယ်။ မှားသလားဆိုတော့ မမှားဘူး။ ဒါပေမယ့် အမြဲတမ်းကြီး အသေဆုပ်ကိုင်မထားလေနဲ့။ အခြေနေအချိန်အခါကို ကြည့်ပြီးလှုပ်ရှားကြရတယ်။ တကယ်တော့ ဦးစွာတိုက်ခိုက်အုပ်စီးဖို့ထက် မိမိတပ်သားတွေရဲ့လုံခြုံရေးကို ပထမဆုံး ဂရုစိုက်ရပါမယ်။

မိမိက လက်ဦးမှုယူ တိုက်ခိုက်ပေမယ့် နောက်ကျောမလုံတဲ့ အခြေအနေတွေ၊ ရှေ့တန်းရောက်နေတဲ့ မိမိတပ်သားတွေအတွက် လက်နက်ရိက္ခာနဲ့ ဆက်သွယ်ရေး အခြေနေတွေကို ချင့်မတွက်ဘဲ တဇွတ်ထိုးလုပ်လို့မရဘူး။ စစ်ကူ၊ ရိက္ခာ၊ ခဲယမ်းပို့ပေးဖို့ အခက်အခဲဖြစ်နေတာမျိုးဆိုရင် နိုင်ပင်နိုင်ငြားသော်လည်း ရေရှည်မခံဘဲ ရန်သူ့လက် ပြန်ပါသွားတတ်တယ်။ အဆုံးသတ်ပွဲဖြစ်မလာနိုင်ဘဲ ရှိတတ်တာကိုသတိပြုလေ။ ဒါကြောင့် ရန်သူကို လက်ဦးမှုယူမယ်ဆိုရင် မိမိရဲ့ ကျောထောက်နောက်ခံနဲ့ ထောက်ပံ့ ပို့ဆောင်ရေးလမ်း လွယ်ကူအဆင်ပြေမှုဖြစ်အောင် အရင်လုပ်ဆောင်ထားနိုင်မှသာ လက်ဦးမှုယူပြီး အဆုံးသတ်တိုက်ပွဲအဖြစ် ဆင်နွှဲကြရမှာပါ။

ဒါကြောင့် လက်ဦးမှုယူတိုက်တာဟာ ယေဘုယျအမှန်ဖြစ်ပေမယ့် စစ်ရေးယာတခုလုံး ရေရှည်ထိန်းချုပ်ထားနိုင်ဖို့အတွက်ကိုလည်း ထည့်သွင်းစဉ်းစားရမှာပါ။ နယ်မြေကို ထိန်းချုပ်နိုင်ပြီဆိုတာ သေချာမှ နယ်မြေလုံခြုံရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေဖွဲ့ပြီး တရာဥပဒေစိုးမိုးရေးကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

နောက်တပတ်ဆုံကြတာပေါ့။

● ဘိုးဒေါင်း

ဆောင်းပါး




တက္ကသိုလ်မှာ ပါမောက္ခချုပ်ကနေ သန့်ရှင်းရေးလုပ်သားအထိ လူဦးရေ တသောင်းကျော်ကို အလုပ်ထုတ်ပစ်လိုက်ပြီ။ အခြေခံပညာမှာ သိန်းနဲ့ချီ အလုပ်ထုတ်ပစ်ရမယ့်ကိန်းပဲ။

မေးခွန်းက ပညာရေးစနစ်ကို သူ ဘယ်လို ဆက်ပြီးလည်ပတ်မလဲ ဆိုတာပါ။ ဒီအဆင့် ပညာရှင်တွေကို ပြန်ရဖို့ နောက်ထပ် အနှစ် ၃၀ – ၄၀ တည်ဆောက်ယူရမယ်ဆိုတာ မင်းအောင်လှိုင် နားမလည်ဘူး။ သူ့အဖို့က တော့ မြင်မြင်သမျှ ပါမောက္ခ၊ တွေ့သမျှလူ ပါရဂူ လုပ်ပစ်ဖို့ အင်မတန် လွယ်နေပုံပါ။ တိုင်းပြည်မှာ ပညာရေးစနစ် ပြိုကျသွားပြီ။ ကျန်းမာရေးစနစ် ပြိုလဲသွားပြီ။ ဘဏ်လုပ်ငန်းက အဖတ်ဆယ်လို့မရတော့ဘူး။ မီးရထားက မြို့တပတ်တောင် မလှည့်နိုင်ဘူး။ စစ်တပ်တောင် အာဏာဖီဆန်သူ ရှိနေပြီ။

အခုထိ မင်းအောင်လှိုင်က မလျှော့သေးဘူး။ သူ့လည်ပင်းပေါ် ဓားတင်မှ သံဝေဂရမယ့်ပုံမျိုးပါ။ မင်းအောင်လှိုင်ဟာ ဗမာ့သမိုင်းမှာ ပေါ်ဖူးသမျှ စစ်အာဏာရှင်တွေထဲမှာ အနိမ့်ကျဆုံး၊ အရိုင်းစိုင်းဆုံး၊ အယုတ်ညံ့ဆုံး စစ်အာဏာရှင်ပါ။ သူ့အဖိုးနေဝင်း၊ သူ့အဖေ သန်းရွှေတို့ထက် ဆယ်ဆ ဆယ်ပြန်မကအောင် ယုတ်ညံ့ပါတယ်။ လမ်းမပေါ် လူတွေသတ်ထားလိုက်တာ အတုံးအရုန်း။ သူ့အလှည့်ကျတော့ သံချပ်ကာအကျီလေး ရင်ဖုံးပြီး ထွက်လာတယ်။ သူတပါးအပေါ် ရက်စက်တတ်သူဟာ သူ့အလှည့်ကျတော့ အင်မတန် ကြောက်တတ်တာကလား။





မြို့အနှံ့၊ နယ်အနှံ့မှာ လက်ပစ်ဗုံးတွေ တဝုန်းဝုန်းကွဲနေပေမဲ့ မင်းအောင်လှိုင်က အပြုံးမပျက်ဘူး။ ဇွန်လဆန်းရောက်ရင် တိုင်းပြည်ဟာ အေးချမ်းသွားမယ် ဆိုပါကလား။ တနည်းပဲရှိတယ်။ အဲဒီလက်ပစ်ဗုံးတွေကို သူကိုယ်တိုင်ခွဲတာဖြစ်ပြီး ရပ်စေလို့ အမိန့်ပေးလိုက်ရင် ရပ်သွားလိမ့်မယ်။ ဒီလိုသာဆိုရင် ဗုံးထိလို့ သေထားတဲ့ သူ့လူတွေ၊ ကျန်ရစ်သူမိသားစုတွေ မီးပုံထဲ ခုန်ဆင်းသေကြရုံပဲ ရှိတော့တယ်။ မင်းအောင်လှိုင်ကို လျှော့မတွက်ပါနဲ့။ ဘာမဆို လုပ်ဝံ့တယ် ပြောပြီးသားပါ။

ပြည်တွင်းစစ်ကလည်း တနေ့ထက်တနေ့ အရှိန်တိုးပြီး တောက်လောင်နေတယ်။ အစိုးရ သတင်းစာတွေရဲ့ နာရေးစာမျက်နှာတွေဟာ တပ်ပိုင်ကော်လံ မကျူးကျော်ရဆိုတဲ့ အခြေအနေ ရောက်နေပြီ။ စစ်မြေပြင်မှာ တိုက်သမျှရှုံးနေပြီ။ လက်နက်တူ ရန်သူကို မဆိုထားနဲ့ တူမီးသေနတ်ကိုင်ထားတဲ့ တောမုဆိုးတွေကိုတောင် နိုင်အောင် မတိုက်နိုင်ဘူး။ လေကြောင်းအကူ လက်နက်ကြီးအကူသာမရှိရင် တိုင်းရင်းသားလက်နက်ကိုင်တွေက နေပြည်တော်ကို တက်သိမ်းတာ ကြာလှပြီ။

အဆိုးဝါးဆုံးက လူထုထောက်ခံမှု သုည ဖြစ်သွားတဲ့ အခြေဆိုက်သွားတာပါ။ စစ်ကောင်စီဝင်တွေကို သူတို့ သားသမီးတွေကတောင် ဆွေခန်းမျိုးခန်း ဖြတ်ပစ်လိုက်ကြပြီ။ စစ်တပ်နောက်မှာ တပ်မိသားစုတောင် မာမာချာချာ မရှိတော့ဘူး။ လူထုကတော့ နေ့စဉ်နဲ့အမျှ လမ်းမပေါ် သွေးချောင်းစီးအောင် လက်လွှတ်စပယ် ပစ်ခတ်သတ်ဖြတ်နေတဲ့ ကြေးစားတပ်ကို စက်ဆုပ်ရွံရှာ အော့နှလုံးနာနေပြီ။ လူငယ်တွေက ခေါင်းငုံ့ခံနေဖို့ စိတ်ကူးမရှိတော့ဘူး။

လူငယ်မျိုးဆက်သစ်တွေဟာ စစ်ပညာသင်ကြတယ်။ လက်နက် ရှာဖွေစုဆောင်းကြတယ်။ တပ်မတော်အသစ်တရပ်ကို အခိုင်အမာ တည်ထောင်ဖို့ လုံးပမ်းနေတယ်။ တိုင်းပြည်လူထုက ဘယ်သူမွေးမွေး တို့ကလေးဆိုတဲ့ ကြွေးကြော်သံနဲ့ မျိုးဆက်သစ်တွေကို ထောက်ခံအားပေးနေတယ်။ သမိုင်းကို ဘယ်သူက ဖန်တီးမလဲ။ သမိုင်းကို ဘယ်သူက ဆုံးဖြတ်မလဲ။ ဗမာပြည်ကို ဘယ်သူ ကယ်တင်မလဲ။

တရားရှိရင် ကူသူများတယ်။ တရားမဲ့ရင် ကူသူရှားတယ်။ ကျနော်တို့ဟာ အတိုင်းတိုင်းအပြည်ပြည်က ကမ္ဘာ့ပြည်သူတွေရဲ့ ကူညီထောက်ခံမှု စာနာနွေးထွေးမှုတွေကို တန်ဖိုးထားပါတယ်။ ကုလသမဂ္ဂ၊ အာဆီယံနဲ့ အီးယူ သံတမန်တွေရဲ့ အားပေး ထောက်ခံမှုတွေကို ကြိုဆိုပါတယ်။ ဒါပေမဲ့ ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကို ကိုယ့်ဘာသာ ဖန်တီးကြမှာပါ။ ဗမာ့တော်လှန်ရေးကို ပြည်တွင်းအားနဲ့ တည်ဆောက်မှာပါ။ ကျနော်တို့ရဲ့ ကယ်တင်ရှင်အစစ်ဟာ လူငယ်မျိုးဆက်သစ်တွေပဲ။

ပြည်လုံးကျွတ် အထွေထွေစစ်ပွဲကြီးဟာ နောက် ၃ – ၄ နှစ်အတွင်း ကြက်မတဝပ်စာမချန် တပြည်လုံးအနှံ့ သိမ်းကျုံးတိုက်ခတ်သွားတော့မှာပါ။ ကျနော်တို့ဟာ ပြည်တွင်းစစ်ကို ‘တာ’မရှည်အောင် ကြိုတင်ပြင်ဆင်မှုကို စနစ်တကျလုပ်နေတယ်။ ရန်သူကို မုချနိုင်မယ့်လမ်းကို ပြတ်ပြတ်သားသား ရွေးချယ်ခဲ့ပါပြီ။ နေ့ရှိသမျှ၊ ရက်ရှိသမျှ၊ အချိန်နာရီ မိနစ်ရှိသမျှ လက်နက်ကိုင် ပုန်ကန်ကြတော့မယ်။

ကျနော်တို့ရဲ့ တပ်မတော်အသစ်ဟာ ရန်သူကို လုံးစုပ်ထိုးပြီး တဟုန်ထိုး ချီတက်လာတော့မယ်။ ကြေးစားတပ် အလောင်းချင်း ထပ်သွားစေရမယ်။ တိုက်ပွဲသံကို နားစွင့်ကြ။ ပြည်သူ့တပ်မတော်အသစ်ကို ကြိုဆိုကြ။ ပြည်သူတရပ်လုံး ပူးပေါင်းဖို့ အသင့်ပြင်ထားကြပါ။

● အောင်သပိတ်